ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၃၃) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )**

**[အင်္ဂါနေ့]**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့ ကျင်းပမယ့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၁၃း၀၀ နာရီအစား နေ့လယ် ၁၂း၃၀ အချိန် ပြင်ဆင်ပြောင်းလဲကြောင်း ပြည်ထောင်စုလွှတ်တော်က အကြောင်းကြားလာခြင်းအား သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးပြီး ၁၃း၀၀ နာရီမှာ အမျိုးသားလွှတ်တော် အစည်းအဝေး ထမင်းစားခန်းမမှာ မြန်မာ့ရေလုပ်ငန်း အနာဂတ် ဖွံ့ဖြိုး တိုးတက်ရေးခေါင်းစဉ်နဲ့ ဆွေးနွေးမယ့် Debate ကို ကျင်းပမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးပြီး ၁၃း၀၀ နာရီမှာ နေရာယူပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၃၃)ရက်မြောက် နေ့အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၂.၇၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၁။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ၁၁-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ဒေါက်တာကျော်သန်းထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)နဲ့ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)တို့ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး ရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၅)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၅)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၃၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီတွင် ဥက္ကဋ္ဌနေရာ ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏ ၁၉-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့သော အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေး ၏ နေရာတွင် ယင်းကော်မတီအဖွဲ့ဝင် ဒေါ်နော်မြစေး အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးဖွဲ့စည်းမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေး သည် နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၆ ရက်စွဲပါအမိန့်အမှတ် ၃/၂၀၁၆ ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရပါသဖြင့် ပညာရေးမြှင့်တင်မှုကော်မတီတွင် ဥက္ကဋ္ဌနေရာ လစ်လပ်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးသွားရန် နေရာတွင် ယင်းကော်မတီအဖွဲ့ဝင် ဒေါ်နော်မြစေး အား ကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးဖွဲ့စည်းသွားရန် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေး ၏ နေရာတွင် ယင်းကော်မတီ အဖွဲ့ဝင် ဒေါ်နော်မြစေး အား တာဝန်ပေးဖွဲ့စည်းရန် လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေး ၏ နေရာတွင် ဒေါ်နော်မြစေး အား ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာအား လွှတ်တော်ကို ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၁၄၀
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေ လ ၂၇ ရက်

၁။ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီဟာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ၁၁-၅-၂၀၁၆ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး တို့က ၁၉-၅-၂၀၁၆ ရက်နေ့မှာ အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ၊ အကြံပြု ဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့နှင့် ၁၉-၅-၂၀၁၆ ရက်နေ့၊ ၂၀-၅-၂၀၁၆ ရက်နေ့၊ ၂၃-၅-၂၀၁၆ ရက်နေ့နှင့် ၂၅-၅-၂၀၁၆ ရက်နေ့များမှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ လေ့လာစိစစ်တဲ့အခါမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(က) အဆိုပြုတင်ပြထားသည့်တဲ့ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(ခ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အဲဒီမှာဖော်ပြထားတဲ့စကားရပ်များအစား လက်နက်ဆိုရာတွင် လက်နက်ဥပဒေများနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေများတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် လက်နက်၊ ကိရိယာတန်ဆာပလာများအပြင် သူတစ်ဦးဦးအား ဘေးအန္တရာယ် တစ်စုံတစ်ရာ ဖြစ်စေနိုင်သော ပစ္စည်းလည်းပါဝင်သည်ဆိုတဲ့ စကားရပ်ကိုလည်းကောင်းနောက် အပိုဒ်ခွဲ(ခ)ကို အပိုဒ်ခွဲ (ဂ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အဲဒီမှာဖော်ပြထားသော စကားရပ်များအစား ငြိမ်းချမ်းစွာ စုဝေးခြင်း ဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကိုဆိုလိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူ ဆောင်ရွက်ခြင်းများလည်း ပါဝင်သည်ဆိုတဲ့ စကားရပ်နှင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ဃ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အဲဒီမှာဖော်ပြထားတဲ့ စကားရပ်များအစား ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုသည်မှာ ဤဥပဒေနှင့်အညီ အများ ပြည်သူဆိုင်ရာလမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ၊ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျလှည့်လည်ခြင်း၊ ကြွေးကြော်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူဆောင်ရွက်ခြင်းများလည်း ပါဝင်သည်ဆိုသည့် စကားရပ်နှင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(င) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အဲဒီမှာဖော်ပြထားတဲ့ စကားရပ်များအစား အသိပေးတင်ပြချက် ဆိုသည်မှာ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရန် ဤဥပဒေနှင့်အညီ သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံသို့ စာဖြင့် အကြောင်းကြားခြင်းကိုဆိုသည် ဆိုတဲ့စကားရပ်နဲ့ လည်းကောင်း၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)တို့ကို အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အဲဒီအပိုဒ်ခွဲများတွင်ပါဝင်တဲ့ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသောဆိုတဲ့ စကားရပ်နှင့် အပိုဒ် ၃၊ အပိုဒ်ခွဲ (က)တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်းနှင့် အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)တို့ကို နိဒါန်းအဖြစ် ပြောင်းလဲပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) အဆိုပြုတင်ပြထားတဲ့ ဥပဒေကြမ်း အပိုဒ် ၄ ခေါင်းကို အပိုဒ် ၃ ခေါင်းအဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အဲဒီမှာဖော်ပြထားတဲ့ စကားရပ်များအစား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းအခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်

လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ အောက်ပါအချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့်နေ့ မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ စာဖြင့်ပေးပို့တင်ပြရမည်။ စီတန်းလှည့်လည်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီ ကြိုတင်၍ အသိပေးတင်ပြချက်မိတ္တူကို ပေးပို့ရမည်ဆိုတဲ့ စကားရပ်နဲ့လည်းကောင်း၊ အပိုဒ်ခွဲ(စ) မှာဖော်ပြထားတဲ့စကားရပ်များအစား ဤဥပဒေပါစည်းကမ်းချက်များနှင့် ဒေသဆိုင်ရာ လိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကြိုတင် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူညီချက်ဆိုတဲ့ စကားရပ်နဲ့လည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးသည် တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် တစ်ဖွဲ့ထက်ပိုသော အဖွဲ့များမှ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန် အတွက် အသိပေးတင်ပြလာပါက ဦးဆောင်သူများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်း ဆောင်ရွက်ပေးရမည်ဆိုတဲ့စကားရပ်ကို အပိုဒ် ၆ အဖြစ် အသစ်ဖြည့်စွက်၍ လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) အဆိုပြုတင်ပြထားတဲ့ ဥပဒေကြမ်း အပိုဒ် ၉၊ အပိုဒ်ခွဲ (က) မှာ ဖော်ပြထားတဲ့ အန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်း ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရဆိုတဲ့ စကားရပ်အစား အန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာ စေခြင်း သို့မဟုတ် ဖိအားပေး ဆွဲဆောင်ခြင်း ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူမပြုလုပ်ရ ဆိုတဲ့ စကားရပ်နဲ့ လည်းကောင်း၊ အပိုဒ်ခွဲ (ခ) မှာ ဖော်ပြထားတဲ့ စကားရပ်များအစား စုဝေးတဲ့နေရာ သို့မဟုတ် စီတန်းလှည့်လည်တဲ့ လမ်းကြောင်း တစ်လျှောက်တွင် ပတ်ဝန်းကျင် ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဇ) ကို အပိုဒ်ခွဲ (ဆ) အဖြစ် ပြောင်းလဲအမှတ်စဉ် ပြီးတော့ အဲဒီမှာဖော်ပြထားတဲ့ စကားရပ်များအစား ငြိမ်းချမ်းစွာစီတန်းလှည့်လည် ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက်အသုံးပြုခြင်းသော် လည်းကောင်း၊ အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်း နှင့် အော်ဟစ်ခြင်းသော်လည်းကောင်း မပြုလုပ်ရဆိုတဲ့ စကားရပ်နဲ့လည်းကောင်း၊ လူသားအချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေ ခြင်းတို့ကို ရည်ရွယ်သောအပြုအမူ၊ အပြောအဆိုတို့ကို မပြုလုပ်ရဆိုသည့် စကားရပ်ကို အပိုဒ်ခွဲ (ဇ) အဖြစ်လည်းကောင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်း တစ်စုံတစ်ရာပေး၍ ပါဝင်စေခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ လက်ခံ ၍ ပါဝင်ခြင်းတို့ မပြုလုပ်ရဆိုတဲ့ စကားရပ်ကို အပိုဒ်ခွဲ (ဈ) အဖြစ် လည်းကောင်း၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင်

သူတစ်ဦးဦးအား ပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်းတို့ မပြုလုပ်ရဆိုသည့် စကားရပ်ကို အပိုဒ်ခွဲ(ည) အဖြစ်လည်းကောင်း၊ ဤဥပဒေပါစည်းကမ်းချက်များနှင့် ဒေသဆိုင်ရာ လိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ ဆိုတဲ့စကားရပ်ကို အပိုဒ်ခွဲ(ဋ)အဖြစ်လည်းကောင်း အသီးသီးအသစ်ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း အသစ်ထပ်မံဖြည့်စွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်-

၁၀။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုသူများသည် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းတို့ပြုရာတွင်-

(က) မည်သည့်လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ။

(ခ) လက်နက်တစ်စုံတစ်ရာဖြင့် သူတစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ခြင်း မပြုရ။

(ဃ) အဆိုပြုတင်ပြထားတဲ့ ဥပဒေကြမ်း အပိုဒ် ၁၁ ကို အပိုဒ် ၁၂ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီးတော့ အဲဒီမှာ ဖော်ပြထားတဲ့ စကားရပ်များအစား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်း မပြု နိုင်စေရန်လည်းကောင်း၊ ဘေးအန္တရာယ် မဖြစ်စေရန်လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိဦးဆောင်သည့် ရဲတပ်ဖွဲ့က လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်ဆိုတဲ့ စကားရပ်နဲ့လည်းကောင်း၊ အပိုဒ် ၁၄ ကို အပိုဒ် ၁၅ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး အဲဒီမှာဖော်ပြထားတဲ့ စကားရပ်များအစား မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄ အရ တားမြစ်သော်လည်း ဆက်လက်စည်းကမ်း ဖောက်ဖျက်ခြင်းများ၊ လူစုမခွဲဘဲ စုဝေးစီတန်း လှည့်လည်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းကတာဝန်ပေးအပ်သော ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဥ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုကွဲသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။ ထိုသို့အရေးယူ ဆောင်ရွက်ရာတွင် အင်အားအလွန်အကျွံ သုံးစွဲခြင်းမရှိစေရန် ကြီးကြပ်ဆောင်ရွက်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇ ကို အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီးတော့ အဲဒီမှာ ဖော်ပြထားတဲ့ စကားရပ်များအစား မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း

ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၈ ကို အပိုဒ် ၁၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ဖော်ပြထားသော စကားရပ်များအစား မည်သူမဆို ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရ မည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်းနှင့် အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း အသစ်ထပ်မံ ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂၀။ မည်သူမဆို ပုဒ်မ ၁၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာတည်ဆဲဥပဒေ တစ်ရပ်ရပ် အရ အရေးယူပြီး သတ်မှတ်ထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

(င) အဆိုပြုတင်ပြထားတဲ့ ဥပဒေကြမ်းအပိုဒ် ၂၀ ကို အပိုဒ် ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အဲဒီမှာဖော်ပြထားတဲ့ စကားရပ်များအစား မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ပြစ်မှုဖောက်ဖျက် ကျူးလွန်သည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တရားရုံးသို့ တရားစွဲဆိုတင်ပို့ရမည်။ သတ်မှတ်ထားသော ကာလထက် ကျော်လွန်ပါက တရားစွဲဆိုခွင့် မရှိစေရဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၃ ကို အပိုဒ် ၂၄ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီးတော့ အဲဒီမှာဖော်ပြထားတဲ့ စကားရပ်များအစား ပုဒ်မ ၃ အရ အသိပေး တင်ပြပြီးသူသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်း မပြုလုပ်လိုပါက ထိုသို့တင်ပြပြီး ၂၄ နာရီ အတွင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်အသိ ပေးတင်ပြရမည်ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅ ကို အပိုဒ် ၂၆ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီးတော့ အဲဒီမှာ ဖော်ပြထားတဲ့ စကားရပ်များအစား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း နှင့် အပိုဒ် ၂၂ နှင့် အပိုဒ် ၉၊ အပိုဒ်ခွဲ(ဃ)တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။

(စ) မြန်မာစာအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း၊ ပြောင်းလဲသွားတဲ့ အပိုဒ်များနှင့် အခန်း

များကိုလည်း ပြန်လည် စိစစ်ထားပါကြောင်းနှင့် ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို လေးစားပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး က ဥပဒေကြမ်းခေါင်းစဉ်မှ စ၍ တစ်ပိုဒ်ချင်းစီအလိုက် ပြင်ဆင် ဖြည့်စွက်ချက်များကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးတော်များ အားလုံးမင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အပိုဒ်၊ အပိုဒ်ခွဲများအလိုက် အတည်ပြု ဆောင်ရွက်သွားဖို့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြပါမယ်။

**ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် )၊**

၁၃၇၈ ခုနှစ်၊ လ၊ ရက်၊
(၂၀၁၆ ခုနှစ်၊ လ ရက်)

ဤခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ နိဒါန်းအသစ် ဖြည့်စွက်ချက်ကို တင်ပြမှာဖြစ်ပါတယ်။

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလ အခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲ ဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူ အား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတား ဖြစ်စေခြင်းတို့မှ ကာကွယ်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီနိဒါန်းအသစ် ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂ (ခ)(ဂ)(ဃ)(င)(စ)နဲ့ (ဆ)တို့ကို ဆက်လက်တင်ပြပါမယ်။

၂။ (ခ) လက်နက်ဆိုရာတွင် လက်နက်အက်ဥပဒေများနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လက်နက်ကိရိယာတန်ဆာပလာများအပြင် လူတစ်ဦးအား ဘေးအန္တရာယ်တစ်စုံတစ်ရာ ဖြစ်စေနိုင်သော ပစ္စည်းလည်း ပါဝင်သည်။

(ဂ) ငြိမ်းချမ်းစွာ စုဝေးခြင်းဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူဆိုင်ရာ နေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းဖြင့် အလားတူဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ဃ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူဆိုင်ရာလမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများက ဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျလှည့်လှည်ခြင်း၊ ကြွေးကြော်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူ ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(င) အသိပေးတင်ပြချက်ဆိုသည်မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လှည်ခြင်းပြုရန် ဤဥပဒေနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ စာဖြင့်အကြောင်း ကြားခြင်းကို ဆိုသည်။

(စ) ပိုစတာဆိုသည်မှာ မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ ရုပ်မြင်သံကြား ထုတ်လွှင့်သည့် နည်းလမ်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဖော်ပြပြီး လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းနှင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသော အရာကို ဆိုသည်။

(ဆ) ဆိုင်းဘုတ်ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု၏ အမည် အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များအပါအဝင် မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ တစ်နေရာတွင် ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းနဲ့ ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုသည်။

ဒီ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ (ခ)(ဂ)(ဃ)(င) (စ)(ဆ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ခ)(ဂ)(ဃ)(င)(စ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၃ ရဲ့ခေါင်းစဉ်၊ အပိုဒ်ခွဲ (က)(ဂ)(စ)တို့ကို တင်ပြပါမယ်။

၃။ **ခေါင်းစဉ်။** ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေး တို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် မိမိ၏ သဘောထား ဆန္ဒကို ဖော်ပြရန်အလို့ငှာ အောက်ပါအချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ ဆောင်ရွက်မည့်နေ့မတိုင်မီ အနည်းဆုံး(၄၈)နာရီ ကြိုတင်၍ စာဖြင့် ပေးပို့တင်ပြရမည်။ စီတန်းလှည့်လှည်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံ (၄၈)နာရီ ကြိုတင်၍ အသိပေးတင်ပြချက် မိတ္တူကို ပေးပို့ရမည်။

(က) ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက် အချိန် အပိုင်းအခြား ငြိမ်းချမ်းစွာစုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အဓိကအကြောင်းအရာ နှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ။

(ဂ) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့အတွက် အသိပေး တင်ပြသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်တို့၏အမည်နှင့် ဆက်သွယ် ရမည့် လိပ်စာအပြည့်အစုံ။

(စ) ဤဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက် များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူညီချက်။

ဒီပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က)(ဂ)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က)(ဂ)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၄၊ အပိုဒ် ၅ နဲ့ အပိုဒ် ၆ တို့ကို ဆက်လက်တင်ပြပါမယ်။

၄။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသား အများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြလာ သော အသိပေးတင်ပြချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ဆောလျင်စွာတင်ပြ ရမည်။

၅။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၄ အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ထံ ဆောလျင်စွာ တင်ပြရမည်။

၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တစ်နေရာတည်း တစ်ချိန်တည်းတွင် တစ်ဖွဲ့ထက်ပိုသော အဖွဲ့များမှ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန်အတွက် အသိပေးတင်ပြလာပါက ဦးဆောင်သူများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်ပေးရမည်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ (က)(ခ)(ဂ)(ဆ)(ဇ)(ဈ)(ည)(ဋ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁ တို့ကို ဆက်လက်တင်ပြပါမယ်။

၇။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြု လိုသူများသည် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးတင်ပြချက်တွင် ဖော်ပြထားသည့်နေရာတွင်သာ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရမည်။

၈။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလိုသူများသည် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ရာတွင် အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် အသိပေးတင်ပြချက်တွင် ဖော်ပြထားသည့် လမ်းကြောင်းအစနေရာတွင် စတင်စုဝေးပြီး တင်ပြထားသည့် လမ်းကြောင်းအတိုင်းသာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆောင်ရွက်ခွင့် ရှိသည်။

၉။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလိုသူများသည် အောက်ပါစည်းကမ်းများကို လိုက်နာရမည်။

(က) အများပြည်သူကို အနှောင့်အယှက် အဟန့်အတား ဖြစ်စေခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်း သို့မဟုတ် ဖိအားပေး ဆွဲဆောင်ခြင်းဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရ။

(ခ) စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လှည်သည့် လမ်းကြောင်းတစ်လျှောက်တွင် ပတ်ဝန်းကျင် ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။

(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရ။

(ဆ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက် အသုံးပြုခြင်းသော်လည်းကောင်း၊ အသိပေး တင်ပြထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်း နှင့် အော်ဟစ်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

(ဇ) လူသားအချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကို ရည်ရွယ်သော အပြုအမူအပြောအဆိုတို့ မပြုလုပ်ရ။

(ဈ) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် လူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ ပါဝင်စေခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ လက်ခံ ၍ ပါဝင်ခြင်းတို့ မပြုလုပ်ရ။

(ည) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် လူတစ်ဦးအား ပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်းတို့ မပြုလုပ်ရ။

(ဋ) ဤဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာ လိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

၁၀။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများသည် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း တို့ပြုရာတွင် -

(က) မည်သည့် လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ။

(ခ) လက်နက်တစ်စုံတစ်ရာဖြင့် လူတစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ခြင်း မပြုရ။

၁၁။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလိုသူများသည် ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပါက စုဝေးခြင်းနှင့် စီတန်းလှည့်လှည်ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်ကအတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉(က)(ခ)(ဂ)(ဆ)(ဇ)(ဈ)(ည)(ဋ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉(က)(ခ)(ဂ)(ဆ)(ဇ)(ဈ)(ည)(ဋ)၊ အပိုဒ် ၁၀ (က)(ခ)၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ တို့ကို ဆက်လက် တင်ပြပါမယ်ခင်ဗျား။

၁၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ စိတ်ပြိုပြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက် ပြုခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန် လည်းကောင်း၊ ဘေးအန္တရာယ် မဖြစ်စေရန် လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိ ဦးဆောင်သည့် ရဲတပ်ဖွဲ့က လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

၁၃။ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးသည် -

(က) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်သည့်နေရာတွင် ဤဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်နှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်း မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ထိုသို့ လိုက်နာခြင်းမရှိကြောင်း တိုင်ကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ ဦးဆောင်သည့်ပုဂ္ဂိုလ်အား သတိပေးရမည်။

၁၄။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို ရရှိလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထံ ချက်ချင်း တင်ပြ၍ ခွင့်ပြုချက် ရယူပြီး ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းကို တားမြစ်နိုင်သည်။

၁၅။ မြို့နယ်ရဲ့တပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄ အရ တားမြစ်သော်လည်း ဆက်လက်စည်းကမ်းဖောက်ဖျက်ခြင်းများ လူစု မခွဲဘဲ စုဝေးစီတန်းလှည့်လည်ခြင်းများ ရှိနေပါက မြို့နယ်ရဲ့တပ်ဖွဲ့မှူး သို့မဟုတ် ၎င်းမှတာဝန်ပေးအပ်သော ဒုတိယရဲအုပ် အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုကွဲသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။ ထိုသို့ အရေးယူဆောင်ရွက်ရာတွင် အင်အားအလွန်အကျွံ သုံးစွဲခြင်းမရှိစေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

၁၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဤဥပဒေနှင့်အညီ အသိပေးတင်ပြခြင်းမရှိဘဲ စုဝေးခြင်းနှင့်စီတန်းလှည့်လည်ခြင်းပြုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်း ပြုသည့်နေရာတွင် ပုဒ်မ ၁၅ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောလျင်စွာ အရေးယူဆောင်ရွက်ခဲ့ရမည်။

ဒီပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂၊အပိုဒ် ၁၃(က)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ တို့ကိုတင်ပြပါ့မယ်။

၁၈။ မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်း မရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်း ပြုကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်(၃) သောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုသက်ဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပြီးသတ်မှတ်ထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆ တို့ကို ဆက်လက်တင်ပြပါ့မယ်။

၂၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ပြစ်မှုဖောက်ဖျက်ကျူးလွန်သည့် နေ့မှ ၁၅ ရက်အတွင်းသက်ဆိုင်ရာ တရားရုံး သို့ တရားစွဲဆိုတင်ပို့ရမည်။ သတ်မှတ်ထားသော ကာလထက် ကျော်လွန်ပါက တရားစွဲဆိုခွင့် မရှိစေရ၊

၂၃။ ဤဥပဒေပုဒ်မ ၁၇နှင့် ပုဒ်မ ၁၈တို့အရ တရားစွဲဆိုရာတွင် ဆက်စပ်မြို့နယ်များ ပါဝင်နေပါက ပြစ်မှုကိုစတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်ရှိ တရားရုံးကသာ စီရင်ပိုင်ခွင့်ရှိသည်။

၂၄။ ပုဒ်မ ၃ အရ အသိပေးတင်ပြပြီးသူသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း မပြုလုပ်လိုပါက ထိုသို့တင်ပြပြီး (၂၄)နာရီ အတွင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်အသိပေးတင်ပြရမည်။

၂၆။ ငြိမ်းချမ်းစွာစုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၅ ကို ဤဥပဒေ ဖြင့် ရုပ်သိမ်းလိုက်သည်။

ဒီပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်များကို ဆက်လက်တင်ပြပါ့မယ်ခင်ဗျာ။ ဥပဒေကြမ်း ရဲ့ အခန်း(၂)ဖြစ်တဲ့ ရည်ရွယ်ချက် အခန်းနဲ့ အပိုဒ် ၂၂ ပါ ပြဋ္ဌာန်းချက်တွေဟာ မလိုအပ်တဲ့အတွက် ကြောင့်မို့လို့ ပယ်ဖျက်ဖို့ဖြစ်ပါတယ်။

ဒီပယ်ဖျက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ အဆိုပြု ပြဋ္ဌာန်းချက်တွေထဲက အချို့သောအခန်းများ၊ အချို့သော အပိုဒ်များနဲ့ အချို့သောအပိုဒ်ခွဲများကို ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ဖြည့်စွက်ထားတာ မရှိပါဘူး။ ဒါကြောင့်မို့လို့ အဆိုပြု ပြဋ္ဌာန်း ထားတဲ့ဥပဒေကြမ်းရဲ့

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ဇ)၊

ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၂)၊ အပိုဒ် ၃(ခ)(ဃ)(င)၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၉(ဃ)(င)(စ)၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃(ခ)၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၇၊

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၁၊ အပိုဒ် ၂၅ တို့ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ထပ်မံပြီးတော့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး တင်သွင်း ခဲ့တဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ တစ်ပိုဒ်ချင်းစီ အလိုက် အမျိုးသားလွှတ်တော်ကလည်း အတည်ပြုဆုံးဖြတ်ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ စုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း (၈)၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းပါ ပုဒ်မ ၃၄၇နှင့် ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ နိုင်ငံသားတို့ အနေနဲ့ ပြည်သူများ၏ လွတ်လပ်ခွင့်ကို ထိခိုက်မှုမရှိစေဘဲ စနစ်တကျ ဆန္ဒဖော်ထုတ်ခွင့်ရှိစေရန် ဤဥပဒေကို ပြဋ္ဌာန်းရန် လိုအပ်ခြင်းလည်းဖြစ်ပါတယ်။ ဤသို့ပြဋ္ဌာန်းရာမှာ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်မှုမရှိဘဲ ဖိနှိပ်သည့် ဥပဒေမျိုးမဖြစ်စေရန် အထူးလိုအပ်ပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံသားတို့၏ အကျိုးစီးပွားကို နှောင့်ယှက်မည့်သူများ၏ အန္တရာယ်မှကာကွယ်ရန်လည်း လိုအပ်ပါတယ်။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး အဆိုပြုတင်သွင်းတဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၀း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]